တံခွန်တိုင်
စာပေတိုက်

လွန်းထားထား
(ဆေးတက္ကသိုလ်)

# တစ်ပန်ပြန်ပွင့်တဲ့ပန်း



# အခန်း(၁)

နှလုံးသား တစ်ခုလုံး ပေါက်ကွဲ ထွက်တော့ မတတ် ရင်တစ်ခုလုံး ဗလောင်ဆူလျက် ရှိသည် ။ ဒူးတွေသည် တုန်ယင် ချည့်နဲ့ လွန်း နေသဖြင့် ပြေးလာခဲ့သော လမ်းတစ်လျှောက်တွင် အကြိမ်ကြိမ် လဲပြိုမတတ် ဖြစ်ရသည် ။ ချွေးစေးတို့ သည် ဆည်းလည်း ကိုယ်ခန္ဓာ တစ်ခုလုံးမှာ ရွှဲရွှဲနစ် စိုနေသည် ။ မျက်ရည်တို့ သည် အတားအဆီးမဲ့စွာ တရဟော ပြိုဆင်းလျက်။ အသံမထွက်အောင် ငိုရှိုက်ရသည် မှာ ပို၍ ပင်ပန်းနာကျင်ဖွယ် ကောင်းလှသည် ။ အိမ်ကြီးဆီကနေ ဟိုးအိမ် နောက်ဘက်ရှိ ဆည်းလည်း တို့ နေထိုင်ရာ တန်းလျားကလေးဆီ ပြေးလာရသော ခရီးသည် ဆည်းလည်း အတွက်တော့ မဆုံးနိုင်အောင် ရှည်လျားလွန်းပေသည် ။ အမေ့မျက်နှာကို ပြေးမြင်ခိုက်မှာ ပို၍ ဝမ်းနည်း ဆို့နင့်သွား မိသည် ။ အမေသိရင် ဘာလုပ်မလဲ ...။ အမေ သိပ်စိတ်ထိခိုက်၊ စိတ်ဆင်းရဲသွားမှာ ပဲ။ အမေ့ကို ပြောရမှာ ကို သေမတတ် ကြောက်သည် ။ အမေ မသိအောင် ဖုံးအုပ်ထား လို့ လည်း ရတာမှ မဟုတ်တာ။ ဆည်းလည်း ကိုယ်ခန္ဓာ တစ်ခုလုံး တဆတ်ဆတ် တုန်ယင်ကာ နာကျင်မှုသည် နေရာမလပ် ဖုံးလွှမ်းထားသည် ။ အံကို တင်းတင်း ကြိတ်မိသည် ။ နှုတ်ခမ်းကို ကိုက်ထားလိုက် မိသည် မှာ သွေးတောင် ဆို့လာသည် ထိ။ အို ... ရက်စက် လိုက်တာ လူမဆန်လိုက်တာ၊ ဒါဟာ စော်ကားတာပဲ။ အနိုင်ကျင့် လိုက်တာပဲ။ ပြန်တွေးလိုက်မိတော့ မွန်းကျပ် ဆို့နင့်ကာ အသက်ပင် ရှူလို့

မဝတော့။

လေပူတစ်ချက် ဖြတ်တိုက် သွားလျှင် နှုတ်ခမ်းများ ပင် ခြောက်သွေ့သွား၏။ အမေ့ကို ပြောပြလိုက် ရမှာ လား။ နေမကောင်းလို့ တစ်ကိုယ်လုံး ထုရိုက်ခံထား ရသလို ကိုက်ခဲလွန်းသဖြင့် ဆေးသောက်ပြီး အနားယူကာ အိပ်မောကျနေမည့် အမေ့ကို နှိုးပြီးမှ အပူတွေ ထပ်ပေး လိုက်ရမှာ လား။ ဟင့်အင်း ...။

ဆည်းလည်း သည် အိမ်ကလေး ရှေ့သို့ ရောက်လျှင် ခြေစုံရပ်လိုက်ပြီး ခြံထောင့်ရှိ စိန်ပန်းပင်ကြီး အောက်တွင် ခဏထိုင်ချ ပစ်လိုက်သည်။ ရမ္မက်ဖြင့် ယစ်မူးနေခဲ့သော ထိုမျက်နှာကို မြင်ယောင်လျှင် တစ်စစီဆုတ်ဖြဲပစ်လိုက် ချင်သည် ...။ ပမာမခန့်သော ... ထိမထင်သော ... နိုင်ထက်စီးနင်း မျက်ဝန်းများ ၊ ကြမ်းတမ်း ပြင်းရှသော အထိအတွေ့များ ရက်စက်စွာ ခြွေခူးပစ် လိုက်သော ဆည်းလည်း ချို၏ အပျိုစင်ဘဝ ပန်းကလေး။

"အမေရေ"

ဆည်းလည်း သည် ရင်ဘတ်ကို ဖိကာ နာနာကြည်းကြည်း ရေရွတ်တိုင်တန်း လိုက်မိသည် ။ ထို့နောက် အိမ်ကလေးထဲသို့ အသံမကြားအောင် ခြေဖော့နင်းကာ ဝင်ခဲ့သည် ။ အမေ ကြားသွားမှ ဖြင့်...။ အမေနိုးသွားမှာ စိုးစိတ်ဖြင့် အမေ အိပ်နေသော အခန်းကျဉ်းလေး ထဲသို့ပင် မဝင်ခဲ့။ ရေချိုးခန်းဆီသို့ တန်း၍ ဝင်လာခဲ့သည် ။ ရေဘုံပိုင်ပိုက်ခေါင်းအောက်သို့ ဝင်ထိုင်လိုက်ကာ ပိုက်ခေါင်းကို လှည့်ဖွင့်လိုက် စဉ်မှာ တော့အေးမြသောရေ၏ အတွေ့သည် ဆည်းလည်း တစ်ကိုယ်လုံး အနှံ့ စီးဆင်းသွားခဲ့တော့၏။ ဆပ်ပြာဖြင့် ဆံပင်တွေကို တိုက်သည် ။ မျက်နှာအနှံ့ လည်တိုင်၊ ရင်ဘတ်၊ လက်မောင်း၊ ကိုယ်ခန္ဓာ တစ်ကိုယ်လုံး အနှံ့

နေရာလပ် မကျန်အောင် ပွတ်တိုက်ဆေးကြော သန့်စင်မိသည် ။ ဒါပေမဲ့ အစော်ကား ခံလိုက်ရသောကြောင့် ထိခိုက်ပွန်းပဲ့ ညစ်နွမ်းကြေမွသွား သော အပျိုစင် မိန်းကလေး တစ်ယောက်၏ ဂုဏ်သိက္ခာ ကိုတော့ ဘာနဲ့ မှ ဆေးကြောလို့ မရနိုင်တော့ ဘူးလေ။

မျက်လုံးများကို ခပ်တင်းတင်း ဖိမှိ တ်ထား လိုက်လျှင်တော့ မျက်ရည်တွေသည် ရေတွေနှင့် ရောနှောသွားခဲ့ပြီ။ ဘယ်လောက်ထိ ကြာအောင် ရေဘုံပိုင် အောက်မှာ နေရမလဲ ...။ နှုတ်ခမ်းတွေ ပြာနှမ်း လာတဲ့ အထိ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်လာတဲ့ အထိ လား။

"ဘယ်သူ့ကိုမှ ပြန်မပြောနဲ့ နော်၊ ပြောလိုက်တာနဲ့ နင့်ကို အသတ်ပဲ"

ခြိမ်းခြောက်လိုက်သော အသံသည် နားစည်ကို ထွင်းဖောက်ပြီး နှ လုံးသားထဲ အထိ ပဲ့တင် ရိုက်ခတ်သွားသည် ။ ဘယ်လောက် လူမဆန် လိုက်တဲ့ ၊ ဂုဏ်သိက္ခာ ကင်းမဲ့လိုက်တဲ့ လူတစ်ယောက်လဲ။ ဒါကြောင့် အမေ ပြောလေ့ရှိတာ ...

"လူတစ်ယောက် အဆင့်အတန်း မြင့်တယ်၊ နိမ့်တယ် ဆိုတာကို ချမ်းသာတာ၊ ဆင်းရဲတာ၊ ပညာတတ်တာ မတတ်တာနဲ့ တိုင်းတာလို့ မ ရဘူးသမီး။ စိတ်ဓာတ် အဆင့်အတန်း နဲ့ သာ တိုင်းတာရမယ်။ စိတ်ဓာတ် အဆင့်အတန်း ဆိုတာကလည်း လူလူချင်း လေးစားမှု၊ ကိုယ် ချင်းစာနာ တတ်မှု၊ မေတ္တာ ထားတတ်မှုနဲ့ သာ တိုင်းတာရမှာ " တဲ့ ...။

အမေ့ ပေတံနဲ့ သာ တိုင်းတာရမည် ဆိုလျှင် ထိုလူကြီးသည် ချမ်း သာ သလောက်၊ ပညာတတ် သလောက်၊ စိတ်ဓာတ် အဆင့်အတန်း နိမ့် ကျသူ ဖြစ်သည် ။ လူတစ်ယောက်ကို အထင်သေးသွား မိပြီဆိုလျှင် ယုံကြည် လေးစားမှု ဆိုသော အရာသည် လည်း တစ်ပါတည်း ပျောက်

ဆုံး သွားတတ် မြဲပင်တည်း။

"ဟဲ့ ရေချိုးခန်းထဲမှာ ဘယ်သူတုံး၊ ရေပိုက်ကြီး ဖွင့်ထားတာ ကြာလှပြီရော ဆည်းလည်း ချိုလား၊ သမီး ပြန်ရောက် နေတာလား၊ ရေချိုး နေတာလား"

ရုတ်တရက် ထွက်ပေါ်လာသော ရေချိုးခန်း အပြင်မှ အမေ့အသံကြောင့် ဆည်းလည်း ကိုယ်ခန္ဓာလေး တစ်ခုလုံး အေးစက် တောင့်တင်းသွားသလို ခံစားလိုက်ရသည် ။

"ဟုတ် အမေ ... သမီးပါ"

"ဟဲ့ ... ဘယ့်နှယ်အေ၊ ရေချိုးနေတာ ကြာလှပြီ ... အအေးပတ်ဦးတော့မယ်"

"ဟုတ် ... အမေ၊ ပြီးပြီ"

ဆည်းလည်း က ရေပိုက်ခေါင်းကို ပိတ်လိုက်ရသည် ။ အမေ ပြန်လှည့် ထွက်သွားသံကို နားထောင်ပြီးမှ ရေချိုးခန်းထဲမှ ထွက်သည် ။ ရေစိုအဝတ်တွေကို ချွတ်ခဲ့ပြီး လုံချည် အခြောက် တစ်ထည် သွားယူကာ ရင်လျား လိုက်ရသည် ။ တဘက် တစ်ထည်ဖြင့် ဆံပင် ရေစိုတွေကို ပေါင်းအုပ် ထားလိုက်ကာ အင်္ကျီလဲရသည် ။ အမေရှိနေသဖြင့် အပူရုပ်ကို ဟန်တော့ လုပ်ရလေသည် ။

"အမေ သက်သာ သွားပြီလား"

"အေး ... ဆေးသောက် လိုက်တာ သက်သာပါတယ်။ ချွေးတွေထွက်ပြီး ပေ့ါသွားတယ်၊ အာခေါင်တွေ ခြောက်လိုက်တာအေ ... ငါ့နှယ့်"

"အမေ ဘာစားမလဲ၊ ဆန်ပြုတ်လေး နွှေးလိုက်မယ်လေ၊ ဆေးတစ်ခွက် ထပ်သောက် ရအောင်"

"သောက်တာပေါ့အေ၊ အိမ်ကြီးပေါ်မှာ အလုပ်တွေ ပြီးခဲ့ပြီလား။ မမ ရောပြန်ရောက် ပြီလား၊ ညစာရော ချက်ပြုတ် ပြင်ဆင် ခဲ့ပြီလား"

အမေ့ မျက်လုံးတွေ ထဲမှာ စိတ်မချသလို ပူပန်ရိပ်ကို တွေ့ရသည် ။ ဒီနေ့ အမေ နေမကောင်း သဖြင့် အမေ့ကိုယ်စား အိမ်ကြီးဆီ သွားကာ သန့်ရှင်းရေး၊ ချက်ရေး ပြုတ်ရေးနှင့် လျှော်ဖွပ်မီးပူ တိုက်သော အလုပ်တွေ အမေ့ကိုယ်စား သွားလုပ်ပေး ခဲ့ရသည် ။ နွေရာသီ ကျောင်းပိတ်ရက်မို့ ဆည်းလည်း အားလပ်နေသည် ဖြစ်ရာ အမေ့ကို ကူညီချင် သောကြောင့် သွားလုပ်ပေးခဲ့ခြင်း ဖြစ်သည် ။ သကြ်ာန် ကျောင်းပိတ်ရက်မို့ အမေ့ကို ကူသော ကလေးမ နှစ်ယောက်လုံး ရွာပြန် နေကြသည် ။ အမေက ဒီအိမ်ကြီးမှာ housekeeper တစ်ယောက် ဖြစ်သလို နေစရာအိမ် မရှိသဖြင့် ခြံနောက်ဘက်ရှိ အလုပ်သမား တန်းလျားမှာ နေစရာ ပေးထားခြင်း ဖြစ်သည် ။ ဒီအိမ်ကြီးမှာ အမေ အလုပ်ဝင်သည် မှာ မကြာလှသေး။ နှစ်လလောက်ပဲ ရှိသေးသည် ။

ဆည်းလည်း က ဒီအိမ်ကို ရောက်ကတည်းက ဆယ်တန်း စာမေးပွဲ ဖြေဖို့ အသားကုန် ကြိုးစားအားထုတ် နေခဲ့သဖြင့် အမေ့ကို သိပ်မကူနိုင်ခဲ့။ သို့သော်လည်း အားရင် အားသလို အိမ်ကြီးဆီ သွားပြီး အမေ့ကို ကူပေးတာ ... ခြံထဲမှာ ပန်းပင်တွေ ရေလောင်းပေးတာ စသဖြင့် ကိုယ်တတ်နိုင် သမျှ ကလေးတော့ ကူညီပေးခဲ့ပါသည် ။ စာမေးပွဲ ဖြေအပြီး ကျောင်းပိတ်ချိန်က စပြီး ဆည်းလည်း အမေ့ကို ကူညီခဲ့သည် ။

သူတို့ သည် အလွန်ကြွယ်ဝ ချမ်းသာသော ဂုဏ်သရေရှိ သူဌေးများ ဖြစ်ကြသည် ။ အိမ်မှာ ဧည့်သည် တွေ ဖိတ်ကျွေးတာ ပါတီပွဲတွေ လုပ်တာမျိုးတွေ မကြာခဏ။ အမေ ပြောသလောက်တော့ အမေက မမဟု ခေါ်သော သူဌေးကတော်က ရတနာဆိုင် ဖွင့်ထားသည် ။ သူတို့ မှာ အင်

မတန် ဂျစ်ကန်ကန်၊ ကြွစောင်းစောင်းနိုင်သော ထောင့်မကျိုးသည့် သားတစ်ယောက်လည်း ရှိသည် ။ အမိုး ဖွင့်ထားသော ပြိုင်ကားတစ်စီးကို အိတ်ဇောသံ ကျယ်ကျယ် မြည်အောင် မောင်းကာ လူကို လူမထင်သလို ချေတတ်သူလည်း ဖြစ်သည် ။ YUFL တွင် အင်္ဂလိပ်စာ တက်နေသည် ဟု သိရသည် ။ နားမှာ နားကြပ်ကြီးတပ်ပြီး အင်္ဂလိပ်သီချင်းကို ဟန်ပါပါ ဖြင့် သီဆိုတတ်သည် ကို သူတို့ အိမ် သွားတိုင်း အမြင်ကတ်ဖွယ် ကြားရတတ်စမြဲ။ ဆည်းလည်း ကိုဆို လူကို လူတစ်ယောက်လို မဆက်ဆံတတ်သည့်နှယ် အရေးပင် မလှုပ်ဘဲ ခိုင်းစရာရှိမှ ခေါ်ပြီး ခိုင်းတတ်သည် ။ ဆည်းလည်း ကတော့ သူ့ကို တယ်ပြီး ကြည့်လို့ မရလှချေ။ ကိုယ့်ကို သက်ရှိလူသား တစ်ယောက် အဖြစ် အသိအမှတ် ပြုလိုဟန် မရှိသောသူကို ဆည်းလည်း ကလည်း အဖက် မလုပ်ပါချေ။ ခုတော့ဖြင့် ဆည်းလည်း ဘဝသည် ပန်းကလေး တစ်ပွင့်လို ရက်ရက်စက်စက် နင်းခြေမွ ခံလိုက်ရပြီတည်း။

"ဟဲ့ ...ဆည်းလည်း ခေါင်းရေစိုကြီးနဲ့ ဘာထိုင်ငိုင် နေပြန်တာတုံး၊ ဒီကလေးမ တော့လေ...။ ညနေစာကို အမေပဲ သွားပြင်ဆင် ကျွေးလိုက်တော့မယ်။ ညည်း ပင်ပန်းနေပြီမလား။ နားချင် နားတော့လေ"

ဆည်းလည်း က အမေ့ကို မျက်လွှာပင့်ပြီး တစ်ချက် မော့ကြည့်မိသည် ။ အမှန်အတိုင်း ပြောရလျှင် ဆည်းလည်း ထိုအိမ်ကြီးဆီသို့ ပြန်မသွား ချင်တော့။ ထိုလူကြီး၏ မျက်နှာကြီး ကိုလည်း ပြန်မမြင် ချင်တော့။ ခြံကြီးထဲမှာ လည်း ဆက်ပြီး နေလိုစိတ် မရှိတော့။ ကိုယ့်အပေါ် မကောင်းသောသူ၊ ကိုယ့်ဘဝကို ဖျက်ဆီးခဲ့သော သူနှင့် အနီးဆုံး နေရာမှာ မနေအပ်တော့ပေ။

"အမေက နေမှ မကောင်းသေးတာ"

"ရပါတယ်အေ … သက်သာပါပြီ၊ အမေပဲ သွားပ့ါမယ်၊ သမီး နေမကောင်းဘူးလား။ မျက်နှာလည်း မကောင်းပါလား"

အမေက သတိထားမိသွားသလို ဆိုလျှင် ထိခိုက်ပွန်းရှ လွယ်လွန်းသော နှလုံးသားက လှိုက်ခနဲ ဝမ်းနည်းသွားကာ မျက်ရည်တွေ ဝိုင်းလာသည် ။ လည်ချောင်းဝဆီမှ ဆို့တက်လာသော ခံစားမှုနဲ့ အတူ …

"အမေ"

ဟု ဗလုံးဗထွေး မြည်တမ်း လိုက်မိကာ အမေ့ရင်ခွင်ထဲ အားကိုးတကြီး ခိုဝင်လိုက်မိသည် ။ အမေက ဆည်းလည်း ခန္ဓာကိုယ်ကလေးကို အလန့်တကြား ဟန်ဖြင့် ပြန်၍ ဖက်တွယ်ထားကာ …

"ဟဲ့ … ဟဲ့ … ဘုရားရေ။ မထိတ်သာ မလန့်သာ ရှိလိုက်တာအေ။ ဘာဖြစ်တာလဲ။ ငါ့သမီး ဘာဖြစ်သလဲ ပြောစမ်း … အမေ့ကို ပြောစမ်း"

"အမေ ဟိုလူကြီး ယုတ်မာတယ်။ သမီးကို … သမီးကို စော်ကားလိုက်တယ် အမေ"

"အမလေး … ဘုရားရေ"

အမေ့ ခန္ဓာကိုယ်သည် ယိုင်ခနဲ ဖြစ်သွား၏။ ခေါင်း တည့်တည့်ဆီ မိုးကြိုးအပစ် ခံလိုက်ရသူ သဖွယ် အမေနာကျင်စွာ ညည်းညူနေ၏။ အမေ့ပါးပြင်မှာ မျက်ရည်တွေ တသွင်သွင် စီးဆင်းလာကာ ရှိုက်ကြီးတငင် ငိုကြွေးလေသည် ။ အမေ့ရှိုက်သံကို ဆည်းလည်း တစ်သက် ဘယ်တုန်းကမှ မကြားဖူးခဲ့။ အမေ့ရှိုက်သံက ဟိုးရင်ခေါင်း အတွင်းမှ နက်ရှိုင်းစွာ ထိုးခွဲထွက် လာသော ငိုသံမျိုး။ နှလုံးသား ကွဲကြေသွားသော ငိုသံမျိုး၊ ဆည်းလည်း ကို ဖက်တွယ်ထားသော လက်များ သည် အလွန်အမင်း တင်းကျပ် လာသည် ကို ခံစားရသည် ။

"ဖြစ်မှ ဖြစ်ရလေ ငါ့သမီးလေး။ သမီးလေးရယ် ... အပျိုစင် နုနုထွတ်ထွတ်လေး ... ဖြစ်မှ ဖြစ်ရလေ ... အမယ်လေး ... လုပ်ရက်လိုက်တာ ... ရက်စက် လိုက်တာအေ"

အမေသည် သူ့ရင်ဘတ်ကို ထုကာ ခေါင်းကိုထုကာ နင့်နင့်သီးသီး ငိုကြွေးလေသည် ။ ဆည်းလည်း လည်း အမေနှင့်အတူ ရောနှောပြီး ငိုမိသည် ။ အတော်လေး ကြာတော့ အမေက ဆည်းလည်း မျက်နှာကို လက်နှစ်ဖက်ဖြင့် ပူးညှပ်ကိုင်ကာ ဆည်းလည်း မျက်လုံးတွေထဲ သေချာစိုက်ကြည့်လျက် ...

"ဘယ်လိုဖြစ်လဲ ဆိုတာ အစအဆုံး အမေ့ကို ပြောပြစမ်း" ဟု မေးလေသည် ။

ဆည်းလည်း လည်း ထိုအချိန်ကို ပြန်မတွေးချင်။ ပြန်မစဉ်းစားချင်။ အမေ့ကို ပြောပြရပါမည်။

***

ဒီနေ့ သင်္ကြန် အတက်နေ့ ဖြစ်သည် ။ သူဌေးကတော်က သင်္ကြန်အကြိုနေ့ကစပြီး နေ့တိုင်း မနက်ဆို အစောကြီးထကာ ဘုန်းကြီးကျောင်းသို့ သွားပြီး သီလယူ၊ ဥပုသ်စောင့်သည် ။ ညနေစောင်းမှ ပြန်လာတတ်သည် ။ ဘုန်းကြီးကျောင်း အတွက် ဆွမ်းဟင်းကို စတီးလ် ငါးဆင့်ချိုင့် ကြီးထဲ ဖွယ်ဖွယ်ရာရာ ချက်ပြုတ် ပြင်ဆင် ပေးလိုက်ရပါသည် ။ အမေ နေကောင်း နေတုန်းကတော့ ဆည်းလည်း က အမေ့ကို ကူညီပေးရုံ သက်သက်။ ဒီနေ့ကျမှ အမေ နေမကောင်းသဖြင့်

ဆည်းလည်း ကိုယ်တိုင် မီးဖိုချောင်ဝင်ကာ အန်တီ ချက်ခိုင်းထားသော ဟင်းလျာစာရင်း အတိုင်း ချက်ပြုတ် ကြော်လှော်ရပါသည် ။ ပုစွန်တုပ်ကြီးကြော်၊ ငါးကျည်းကွပ် ကြော်ပြီး ငရုတ်သီးနှင့် ကြက်သွန်ကြော်နှင့် ပြန်နှပ်၊ ငါးဖယ် အစာသွတ်၊ သီးစုံ ချဉ်ရည်ဟင်း၊ ငါးမြင်းဆီပြန်ဟင်း စသဖြင့်။ အန်တီက ချိုင့်ကြီးချိုင့်ငယ် အသွယ်သွယ်ဖြင့် ကားဒရိုင်ဘာနှင့် အတူ ဘုန်းကြီးကျောင်းသို့ ထွက်သွားပြီးချိန်မှာ ကိုယ်တော်ချောက အပျံစား အလန်းစား ဝတ်စားဆင်ယင်လျက် သူ့ကား အမိုးဖွင့်ကို တဝေါဝေါ မြည်သံပေးကာ ထွက်ခွာသွားသည် ။ အိမ်ကြီး၏ တစ်ခုသော အခန်းတွင်းမှာ သူ့ဧည့်သည် ရှိနေမှန်း ဆည်းလည်း မသိခဲ့။ သူလည်း အပြင်ထွက်နေလိမ့်မည်ဟု ထင်ခဲ့သည် မှာ လုံးဝ မှားခဲ့သည် ။ ဆည်းလည်း က ချက်ပြုတ်စရာတွေ ပြီးစီးသွားပြီမို့ တစ်အိမ်လုံးကို ဖုန်သုတ်၊ ဖုန်စုပ်စက်ဖြင့် လိုက်ဆွဲသည် ။ လျှော်စရာ အဝတ်များကို အင်္ကျီများ သတ်သတ် ရွေးထုတ်ကာ လျှော်စက်ထဲ ထည့်သည် ။ စက်က အခြောက် ထွက်လာသည် မို့ ပြီးလျှင် မီးပူတိုက်ရမည်။ ဒီအလုပ်တွေကို တစ်နေ့တစ်နေ့ အမေလုပ်နေရတာ ဘယ်လောက်များ ပင်ပန်းလိုက်မလဲဟု တွေးမိတော့ အမေ့ကို သနားမိ လေသည် ။ အိမ်သန့်ရှင်းရေး လုပ်နေခိုက် FM ရေဒီယို စက်ကလေးကို အသံအကျယ်ဆုံး ဖွင့်ကာ လာသမျှ သီချင်းတွေကို ဆိုလိုက်ရင်း ကိုယ့်ကိုယ်ကိုယ်လည်း ဖျော်ဖြေရသည် ။

ထို့နောက်တော့ Sound Box တွေဆီမှ သီချင်းသံတွေ ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။ ဆည်းလည်း သည် ပထမတော့ လန့်သွားသည် ။ မြူးကြွ ပေါက်ကွဲသော အင်္ဂလိပ် တေးသွား သံစဉ်တွေကို တစ်ယောက်ယောက်က ဖွင့်လိုက်ဟန် ရှိသည် ။ ဘုရားရေ ... ဒါဖြင့် ဒီအိမ်ထဲမှာ လူရှိနေသည် ပေါ့ သူ့ဧည့်သည်များ လား။ သူ ဘယ်မှ မသွားဘူးပေါ့။ ဆည်းလည်း သည် ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေရင်း သတိ

တော့ ထားရလေသည် ။ ဒီအိမ်ကြီးထဲမှာ ဆည်းလည်း တစ်ယောက်တည်း မဟုတ်။

"ဆည်းလည်း ချို"

အသံသည် ဆည်းလည်း ၏ နောက်နားမှ နီးကပ်စွာ ထွက်ပေါ် လာသောအခါ ဆည်းလည်း ၏ ကိုယ်ခန္ဓာကလေး တုန်ခနဲ ဖြစ်သွားသည် ။ အနောက်သို့ ချာခနဲ လှည့်ကြည့် လိုက်မိလျှင် မျက်လုံးများ နီလျက် ရီဝဲနေသော သူ့ဒွေးကို တွေ့ရလေသည် ။

"ဟုတ်ကဲ့ ဦး ...။ ဘာခိုင်းမလို့ ပါလဲ"

"နင် တစ်ယောက်တည်းလား၊ နင့် အမေရော"

"အမေ ဒီနေ့ မလာနိုင်ဘူးဦး။ နေမကောင်းလို့ ဆေးသောက်ပြီး ကျန်ခဲ့ပါတယ်။ ကျွန်မ ဘာလုပ်ပေးရမလဲ ဦး"

"အတော်ပဲ ... ငါ ဝီစကီနဲ့ မြည်းဖို့ အမြည်း ကုန်သွားလို့ ... ဘာရှိလဲ အကြော်အလှော် ထဲက..."

"ငါးကျည်းကြော် ရှိတယ် ဦး ..."

"အေး ... ကောင်းတယ်၊ အဲဒါ သွားယူခဲ့။ ငါ့အခန်းထဲ လာပို့နော် ..."

"ဟုတ် ..."

ဆည်းလည်း သည် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည် ။ အရက်သောက်နေသူ ယောကျ်ားကြီး တစ်ယောက် ရှိနေတုန်း မိန်းကလေး တစ်ယောက်တည်း အလုပ်လုပ် နေရသည် မှာ မလုံခြုံသလို ခံစားလာရပါသည် ။ လုပ်စရာ ရှိတာတွေ မြန်မြန်လုပ်ပြီး အိမ်ကလေးဆီ မြန်မြန်ပြန်မှာ ပါဟု တွေးသည် ။ ငါးကျည်းကြွပ်ကြော် တွေကို ပန်းကန်တစ်ခု

ထဲ မှာ ထည့်လျက် အပေါ်ထပ်သို့ ပြေးတက်လာခဲ့ရသည် ။ စိတ်ထဲမှာ တစ်မျိုးကြီး ခံစာနေရသည် ။ မိန်းမပျိုကလေး တစ်ယောက်ကို သူ့ အခန်းထဲ ဝင်ခိုင်းစရာလား။ သီချင်းသံတွေကလည်း ကျယ်လောင် ပြင်းရှလွန်း လိုက်တာ။ သူတို့ အခန်းတွေထဲ ဆည်းလည်း တစ်ခါမှ မဝင်ဖူးခဲ့ ။ တံခါးကို ခပ်ပြင်းပြင်း ခေါက်ရသည် ။ သီချင်းသံတွေကြောင့် မကြားရမှာ စိုးသောကြောင့် ဖြစ်သည် ။

"ဝင်ခဲ့ကွာ"

သူ့အသံကြောင့် ဆည်းလည်း က တံခါးကို တွန်းဖွင့်ကာ အခန်းထဲသို့ ဝင်ခဲ့ရသည် ။ သီချင်းသံသည် ဆည်းလည်း နှလုံးသားကိုတောင် တလှပ်လှပ် ခါစေသည် အထိ ကျယ်လွန်း ပါသည် ။ သူက အခန်းထဲရှိ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ခြေဆင်းလျက် ထိုင်နေသည် ။ နံရံတွင် တပ်ထားသော တီဗွီစခရင် ဆီသို့ လှမ်းကြည့် နေသည် ။ အသံတွေကြားရရုံဖြင့် မိန်းကလေး ကြည့်၍ မသင့်တော်သော ညစ်ညမ်းသော ရုပ်ရှင်တစ်ကား ဖြစ်ကြောင်း ဆည်းလည်း သိလိုက်သည် ။ သူက ခုတင်ပေါ်မှ ဖျတ်ခနဲ ထကာ အခန်းတံခါး သော့ဖုကလေးကို ပိတ်လိုက်သဖြင့် ဆည်းလည်း ထိတ်လန့်သွား၏။ ငါးကြော်ပန်းကန်ကို ခုတင်ဘေးရှိ စားပွဲပေါ် ကမန်းကတန်း တင်ပြီး အခန်းထဲမှ ပြန်ထွက်ဖို့ ကြိုးစားလိုက်သည် ။ သို့သော် နောက်ကျသွားခဲ့ပြီ။ သူက ဆည်းလည်း ၏ လက်နှစ်ဖက်ကို ချုပ်ကိုင်ပစ်လိုက်၏။

"ဟင့်အင်း ... ဦး ... မလုပ်ပါနဲ့ "

"မင်း သိပ်လှတယ် ကလေးမရယ်၊ ငါ့ကို အလိုလိုက်စမ်းပါ"

သူ့မျက်လုံးတွေက သိပ်ကြောက်စရာ ကောင်းလှသည် ။ ရမ္မက်ခိုးတွေက မီးလျှံတွေ လိုပင် ပူပြင်းစူးရှလို့ ။ လူတစ်ယောက်ကို လူလို

တန်ဖိုး မထားတတ်သော၊ အဆင့်အတန်း ခွဲခြားချင် တတ်သော၊ နိုင်ထက်စီးနင်း ဗိုလ်ကျ အနိုင်ကျင့်ချင်သော အတ္တသမား တစ်ယောက်၏ ကြမ်းတမ်း ရက်စက်သော၊ လူမဆန်သော အထိအတွေ့ များ သည် ဆည်းလည်း ၏ ခန္ဓာကိုယ်ပေါ်သို့ ရက်စက်သော ကျိန်စာတစ်ခုလို ကျရောက်ခဲ့လေသည် ။ သူသည် ဆည်းလည်း ၏ ခန္ဓာကိုယ် ကလေးကို ခုတင်ပေါ်သို့ တွန်းလှဲပစ်လိုက်သည် ။ မအော်နိုင်အောင် ပါးစပ်များကို ပိတ်ထားသည် ။ မလှုပ်မရှုန်း နိုင်အောင် သူ့ခန္ဓာကိုယ်ကြီးဖြင့် တွန်းဖိထားခဲ့သည် ။ ထို့နောက်တော့ ဆည်းလည်း ၏ ဘဝကလေး အမွမွ အကြေကြေ။ ဆည်းလည်း ၏ အော်ဟစ်တားမြစ် ငြင်းဆန်သံ၊ ငိုရှိုက်သံ တို့ သည် ရင်ထဲမှာ သာ ဗြောင်းဆန်အောင် ပေါက်ကွဲ ကျယ်လောင် နေခဲ့သည် ။ မျက်ရည်တို့ က ရေကာတာ ကျိုးပေါက်သလို တရဟော သွန်ကျလာသည် ။ နာကျင်မှုသည် ခန္ဓာကိုယ်နေရာ အနှံ့အပြား အလပ်မရှိ စေရ။ ရင်ထဲ၊ နှလုံးသားထဲ၊ အသွေးအသားတွေဆီ အထိ နာကျင်မှုက ကူးစက်ဝင်သွား ခဲ့တော့၏။ ဆည်းလည်း ၏ အပျိုစင် ဘဝကလေး ...။ အသက် ဆယ့်ခြောက်နှစ် အရွယ် မိန်းမပျို ကလေး၏ နုနယ်ဖူးသစ် ပန်းဖူးပွင့် ကလေးကို ပန်းခြွေမုဆိုးက ရမ္မက် ပြင်းပြင်းဖြင့် စားသုံးကြွေမွ ခဲ့လေပြီ။

"ဘယ်သူ့ကိုမှ ပြန်မပြောနဲ့ နော်။ ပြောလိုက်တာနဲ့ နင့်ကို အသတ်ပဲ"

***

အမေသည် ရင်ကိုထုထုပြီး ကြိတ်မနိုင် ခဲမရဟန်ဖြင့် နာနာကြည်းကြည်း ငိုလို့ မဆုံး ...။

"အမလေး ... သမီးလေးရယ် ... ငါ့ကြောင့် ... အမေ့ကြောင့် ဒီလိုဖြစ်ရတာ ... ဘယ်လို လုပ်ကြမတုံး။ ငါ့သမီးလေး အစော်ကား ခံခဲ့ရပြီ။ အမေ မခံနိုင်ဘူး၊ အမေ သင်းကို သတ်ချင်တယ်၊ အသက်ချင်းပဲ လဲရလဲရအေ။ ဒါ ငါတို့ သားအမိကို ဆင်းရဲ နိမ့်ကျတယ် ဆိုပြီး အနိုင်ကျင့် စော်ကားတာ ... ဘယ်နည်းနဲ့ မှ ခေါင်းငုံ့ မခံနိုင်ဘူးအေ။ မတရားတာကြီးကို ငြိမ်ခံ မနေနိုင်ဘူး ..."

အမေ့ကို ကြည့်ပြီး ဆည်းလည်း အရမ်းသနား သွားမိသည် ။ အမေသည် ရုတ်တရက် ရူးသွပ်သွား ခဲ့သလိုပင် ...။ မျက်လုံးတွေ နီရဲဝိုင်းစက်လာကာ ဂနာမငြိမ် ဖြစ်လာသည် ။ အမေ့ခေါင်း တစ်ခုလုံး မီးတောက်နေပြီ ဖြစ်ကြောင်း ဆည်းလည်း ခံစားမိသည် ။ မျက်ရည်တွေ မစဲနိုင်တော့။

"တစ်ခုခုတော့ လုပ်ရမယ်။ ရတိုင်မယ်အေ။ သင်းမျက်နှာကို လက်ညှိုး ငေါက်ငေါက် ထိုးပြီး ငါ သွားပြောပစ်မယ်။ လူပါးဝတဲ့ လူကြီး ၊ လူမဆန်တဲ့ လူကြီး"

ပြောပြီး အမေ ငိုပြန်သည် ။ အမေနှင့် ဆည်းလည်း သည် အခန်းကလေး ထဲ မှာ ငူငူငိုင်ငိုင်ကြီး ထိုင်မိသည် မှာ ဘယ်လောက်တောင် ကြာသွားသည် မသိ။ အိမ်ကြီးဆီမှ လှမ်းခေါ်သော အင်တာကွန်း ဖုန်းသံလေး မြည်လာမှ အမေ ဆတ်ခနဲ ထလိုက်သည် ။

"ဟယ်လို ... ဟုတ်ကဲ့ မမ၊ ကျွန်မ အခုလာခဲ့မယ်"

ဖုန်းကိုချပြီး အမေ ဆတ်ခနဲ ထသည် ။ အမေ့ မျက်နှာပြင်သည် ကျောက်သားပြင် တစ်ခုလို တင်းမာ အေးစက်နေကာ နှုတ်ခမ်းများကို တင်းနေအောင် စေ့ထားခဲ့သည် ။ ဆည်းလည်း ကို တစ်ချက် ကြည့်ပြီး ...

"လာ သမီး ...။ ဘာပဲဖြစ်ဖြစ် အမေတို့ ငံ့တော့ မခံဘူး၊ ရင်ဆိုင်ကြစို့ "

အမေက ဆည်းလည်း ၏ လက်ကို ဖျတ်ခနဲ ဆွဲကိုင်ကာ အိမ်ကြီး ဆီသို့ လျှောက်လာ ခဲ့လေသည် ။ အမေ့ ခြေလှမ်းတွေက မြန်လွန်း သဖြင့် ဆည်းလည်း ပင် လိုက်မမီနိုင်။ အမေ့ရဲ့ စိတ်ဝိညာဉ် အတွင်းမှာ အင်မတန် အားကောင်း ပြင်းထန်လှသော ဝိညာဉ်အသစ် တစ်ခု ဝင် ရောက်ပူးကပ် လာသလို ထင်ရသည် ။ ဘာကိုမှ မကြောက်သော မျက်နှာ။ တစ်လောကလုံးနှင့် ရင်ဆိုင်ရဲသော မျက်နှာ။ မဟုတ်မခံ ဆတ် ဆတ်ကြဲသော မျက်နှာ။ အမေ့ကမ္ဘာမှာ တန်ဖိုး အထားဆုံး ရတနာဆို လို့ ဆည်းလည်း သာ ရှိခဲ့သည် ။ အမေသည်း ဆင်းရဲနွမ်းပါးလှသည့် ကြားမှ ဆည်းလည်း ကို ကျောင်းဆက်ထားခဲ့သည် ။ စားစရာ မရှိရင် နေပါစေ။ အမေ အငတ်ခံပြီး သမီးကို ပညာသင်ပေးမယ် ဆိုသော အမေ ဖြစ်သည် ။ အမေ ကိုယ်တိုင်လည်း ဆယ်တန်း အထိတော့ ပညာတတ်ခဲ့ ပြီး စာအဖတ်နာသူ တစ်ယောက်လည်း ဖြစ်သည် ။ ငယ်ငယ်ရွယ်ရွယ် နှင့် အိမ်ထောင် ကျခဲ့ကာ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းဆက် မ တက်ဖြစ်ခဲ့။ အဖေက ဆည်းလည်း ငါးနှစ်သမီး အရွယ်မှာ အမေ့ကို စွန့် ပစ်သွားခဲ့တယ်။ အမေ့ခမျာ ဆင်းရဲသည့် ကြားမှ ရုန်းကန်ရှာဖွေပြီး ဆည်းလည်း ကို ကျောင်းဆက်ထား ခဲ့ရသည် ။ သမီး ပညာတက်မှ ဖြစ် မည်ဟု အမေက မကြာခဏ ကြွေးကြော်လေ့ ရှိသည် ။

"ပညာတတ်ရင် အမှားအမှန်ကို ခွဲခြားချင့်ချိန် ဆုံးဖြတ်နိုင်မယ်။ လူ အထင်မသေးဘူး။ လူရာဝင်ဆံ့မယ်။ အမေ ဘာပဲဖြစ်ဖြစ် သမီး ပညာတ တ် စေရမယ်" ဟု အမေ အမြဲပြောခဲ့သည် ။ ဆည်းလည်း ကလည်း တစ် နှစ်တစ်တန်း မှန်မှန်အောင် ခဲ့သည် ။ ဆယ်တန်း အောင်လျှင် တက္ကသိုလ် ဆက်တက်ရမည်။ ဘွဲ့ရအောင် ယူရမည်ဟု အမေက

ဆိုသည် ။ ကံကောင်းထောက်မစွာဖြင့် ဒီအိမ်ကြီးမှာ house keeper အလုပ်ရတော့ အမေ့မှာ ပျော်လိုက်သည့် ဖြစ်ခြင်း။ နေစရာ၊ စားစရာ မပူရသည့် အပြင် လခက တစ်လုံးတစ်ခဲ ရလေသည် ။ အမေက လခတွေကို စုဆောင်းထားသည် ။ သမီး တက္ကသိုလ် တက်ဖို့ ဟု ဆိုသည် ။ ခုတော့ အလုပ်လုပ်ခွင့်ရတာ နှစ်လပဲ ရှိသေးသည် ။ ကံကြမ္မာက ရက်စက်စွာ လှည့်စားခဲ့လေပြီ။ မယုံနိုင်အောင် ပြင်းထန်လှသော လောကဓံ မုန်တိုင်း ပါလား။

အိမ်ကြီးထဲသို့ တန်းမတ်စွာ ဝင်လာခဲ့ကြသည် ။

***

အမေသည် ဆည်းလည်း ၏ လက်ကလေးကို မလွှတ်စတမ်း ဆုပ်ကိုင်ထား ခဲ့သည် မှာ ဆည်းလည်း လက်ချောင်း ကလေးတွေ ကျိုးကြေသွားတော့မတတ်။ အမေ့ရင်ထဲက သောက လှိုင်းကို အမေ့လက်များ ဆီကနေ တစ်ဆင့် ဆည်းလည်း ခံစားခွင့်ရပါသည် ။ ဧည့်ခန်းထဲမှာ ရှိနေသော အန်တီရှိရာ ဆီသို့ အမေသည် ဆည်းလည်း လက်ကို ဆွဲကိုင်ကာ ခပ်သုတ်သုတ် လျှောက်လာခဲ့သည် ။

"မမ ... ကျွန်မ အလုပ် ထွက်တော့မယ်"

"ဟဲ့ ... ဘယ်လို ဖြစ်တာလဲ မနှင်းဆီရယ်၊ ချက်ချင်း ကြီးပါလား၊ ဘာဖြစ်လို့ လဲ၊ နေမကောင်းဘူး ဆိုလို့ မမခေါ်မေးတာ၊ ဆေးခန်းလေး ဘာလေး ပြမလားလို့ "

အမေက နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်စဉ် အမေ့ မျက်ဝန်းဆီမှ

မျက်ရည်ရောင်နှင့် အတူ ဝင်းခနဲ လက်သော ဒေါသကို မြင်ရသည် ။ ဆည်းလည်း ရင်ထဲမှာ ရုတ်တရက် ပူလောင် မွန်းကျပ် လာသည် ။ ဟိုလူကြီး၏ မျက်နှာကို မတွေ့ချင်ပါ။ သူများ အပေါ်ထပ်ကနေ မတော်တဆ ဆင်းလာမလား။

"နေမကောင်းလို့ တစ်ရက်ကလေး နားမိတာပါ။ ကျွန်မသမီးလေး အစော်ကား ခံလိုက်ရပြီ မမရဲ့ ။ အဲဒါ ဘယ်လို ဖြေရှင်းမလဲ။ ကျွန်မရင်ထဲမှာ နာကျင်လွန်းလို့ ဘယ်လိုမှ မခံနိုင်ဘူး၊ မကျေနပ်ဘူး မမ၊ ကျွန်မ လုံးဝ မကျေနပ်ဘူး မမ၊ ကျွန်မ လုံးဝ မကျေနပ်နိုင်ဘူး၊ ကျွန်မ သမီးလေး အပျိုနုနု ထွတ်ထွတ်ကလေး"

အမေ့ အသံသည် အဖျားခတ်၍ တုန်ယင်ကာ အက်ကွဲသွားလျက် အမေတစ်ချက် ရှိုက်လိုက်သည် ။ အန်တီက အလန့်တကြား ရင်ဘတ်ကို ဖိလျက် မျက်လုံး မျက်ဆန် ပြူးသွားကာ…

"ဘုရားရေ … ဘယ်လို … ဘာတွေ ဖြစ်လို့ လဲ မနှင်းဆီ။ ဘယ်သူက ရှင့်သမီးကို စော်ကား လိုက်တာတုံး"

"မမယောကျ်ား သူဌေးပေါ့၊ ကျွန်မသမီးကို စော်ကားလိုက်တယ်"

"ဘာ … တော် … တော်စမ်း မနှင်းဆီ။ ရှင်အဓိပ္ပာယ် မရှိတာတွေ ပေါက်ကရတွေ လျှောက်ပြော မနေနဲ့ ၊ မကြားဝံ့ မနာသာတွေ …။ မဖြစ်နိုင်ဘူး … မမလုံးဝ မယုံကြည်နိုင်ဘူး၊ လက်လည်း မခံနိုင်ဘူး။ ရှင်ဘာတွေ လျှောက်ပြော နေတာလဲ၊ ရူးများ နေလား … ဟင်"

အန်တီ့ မျက်နှာက ရုတ်တရက် ပြောင်းလဲသွားသည် ။ မာန်မာနဖြင့် တောက်ပြောင် သွားသော မျက်ဝန်းတွေက အမေ့ကို စူးစူးရှရှကြီး စိုက်ကြည့်နေသည် ။ ထိုင်နေရာကနေ ဝုန်းခနဲ ထရပ်လိုက် ချိန်မှာ လက်တစ်ဖက်ကို ခါးမှာ တင်းတင်း ထောက်ထား၏။

"ကျွန်မ မရှုးပါဘူး မမရဲ့ ။ မဟုတ်ဘဲ ကျွန်မက ပြောစရာလား။ ကိုယ့်သမီးလေး အပျိုစင်ဂုဏ်ကို ထိခိုက်ခံပြီးတော့ ...။ မနက်က ကျွန်မ ခေါင်းမထူနိုင်လို့ အိမ်မှာ ဆေးသောက်ပြီး အိပ်နေခဲ့တာ။ သမီးပဲ မမတို့ အတွက် ချက်ပြုတ်၊ လျှော်ဖွပ်၊ သန့်ရှင်းရေးတွေ လာလုပ်နေခဲ့တာ။ ကျွန်မဖြင့် မယုံနိုင်ပါဘူး ... သမီးကိုယ်တိုင် သူ့ပါးစပ်ကနေ ထုတ်ပြောတာ ..."

"ဆည်းလည်း ချို ... ညည်းအမေ ပြောတာ အမှန်တွေလား"

အန့်တီ့ အကြည့်က ဆည်းလည်း ဆီသို့ ဖြုန်းခနဲ ကျရောက်လာသည် ။ မယုံသင်္ကာ ဖြစ်နေသော မျက်နှာ။ ဒီအဖြစ်အပျက် တစ်ခုလုံးသည် လုပ်ကြံဇာတ် တစ်ခုပါပဲဟု ထင်မြင်နေသော မျက်နှာ။ ဆည်းလည်း ရင်ထဲမှာ ကြောက်စိတ် တစ်စက်ကလေးမှ မရှိ။ နာကြည်း မုန်းတီးမှုနှင့် အမျက်ဒေါသ တွေသာ တစ်ကိုယ်လုံး ဖုံးလွှမ်းထားသည် ။ အစော်ကားလည်း ခံရသေး၊ မဟုတ်မမှန် လုပ်ကြံဇာတ် ခင်းနေသည် ဟု သံသယလည်း အဝင်ခံရသေးသော ဘဝသည် ဘယ်လောက်များ နိမ့်ကျ လိုက်ပါသလဲ။

"အမှန်တွေပါ အန့်တီ။ ကျွန်မ ဖုန်စုပ်နေတုန်း သူက အမြည်း လာပို့ခိုင်းတာနဲ့ သူ့အခန်းကို ငါးကြော် သွားပို့ခဲ့တာ။ တံခါးပိတ်ပြီး ကျွန်မကို ..."

ဆည်းလည်း သည် ဆက်မထွက်ရက်ဘဲ ပါးစပ်ကို လက်ဖဝါးနှင့် အုပ်ကာ ငိုလိုက်မိသည် ။ မျက်ရည်တွေက ဘယ်လိုမှ မျိုသိပ် ထိန်းချုပ်ထားလို့ မရချေ ...။

"နေစမ်းပါဦး ... ညည်းတို့ ကို ငါက ဘယ်လိုလုပ်ပြီး ယုံရမလဲ။ ညည်းတို့ သားအမိ အကြံက ဒါအကုန်ပဲလား။ ညည်းတို့ ဘာလိုချင်တာ

လဲ၊ လျှော်ကြေးလား ဟုတ်လား။ အိမ်မှာ လူမရှိတဲ့ အချိန် ငါ့ယောက်ျား တစ်ယောက်တည်း ရှိနေတဲ့ အချိန်မှာ ခွင်ဆင်ပြီး အမေလုပ်တဲ့ သူက ဖျားတယ်ဆိုပြီး သမီး တစ်ယောက်တည်း လွှတ်ပြီး မဟုတ်တရုတ် လုပ်ကြံဇာတ် ခင်းတယ်၊ ညည်းတို့ အဆင့်အတန်းတွေဟာ တော်တော် ကြောက်စရာ ကောင်းတယ် သိလား"

"ရှင် ... ရှင် ... ကျွန်မတို့ ကို အဲဒီလောက် မစော်ကားပါနဲ့ မမရဲ့ ။ မ ယုံရင် ရှင့် ယောက်ျားကို ခေါ်မေးပါ။ ကျွန်မတို့ ဒီလို အတန်းအစားမျိုး မဟုတ်ဘူး ။ ငွေမရှိလို့ ၊ ဆင်းရဲလို့ သူများ အိမ်မှာ လုပ်နေရတာ မှန်ပေ မဲ့ အကျင့်စာရိတ္တတော့ ခြမစားပါဘူး ...။ သမီးကို ဗန်းပြပြီး လုပ်ဇာတ် ခင်းရ လောက်အောင်လည်း ကျွန်မ အဲဒီလောက် ဉာဏ်မကောင်းဘူး။ ရှင်တို့ တွေ ပိုက်ဆံချမ်းသာတိုင်း လူကို လူလို ဆက်ဆံပါရှင်။ ကျွန်မတို့ ကို မစော်ကားပါနဲ့ "

"ကဲ ... ဒါဆို ရှင်တို့ ဘာဖြစ်ချင်တာလဲ၊ ဘာလိုချင်တာလဲ မနှင်းဆီ"

အမေက အန်တီ့ကို လှမ်းကြည့်လိုက်သော ထိုအကြည့်ကို ဆည်းလည်း မမေ့နိုင်ပါ။

"ကျွန်မတို့ အမှန်တရားပဲ လိုချင်တာပါ"

"ဘာအမှန်တရားလဲ။ ဘယ်မှာ လဲ သက်သေ။ နင့်သမီး ဆယ့် ခြောက်နှစ် အရွယ် ပျံတန်တန် နန့်တန့်တန့်နဲ့ စိတ်ကူးတွေယဉ်ပြီး လုပ်ကြံပြောနေသမျှက အမှန်တရား ဖြစ်နိုင်မလား။ ငါ့ယောက်ျားသာ သိရင် သူ့ဂုဏ်သိက္ခာကို ထိခိုက် စော်ကားမှုနဲ့ နင်တို့ သားအမိကိုပါ အ သရေ ဖျက်မှုနဲ့ ပြန်တရားဆွဲဦးမယ်။ တောက် ... အကုသိုလ် များ လိုက် တာဟယ် ...။ ဒီနေ့ယူလာတဲ့ သီလလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ တော်တော် ပြဿနာရှာတဲ့ ဟာတွေ ... သွားကြ... နင်တို့ ခုချ

က်ချင်း ငါ့ခြံထဲကနေ ထွက်သွားကြ။ ကြာရင်ငါ လူသတ်မိလိမ့်မယ်"

"စိတ်ချပါ ... ကျွန်မတို့ ကလည်း ထွက်သွားမှာ ပါ ကျွန်မ သမီးလေး ဘဝပျက်အောင် စော်ကားခဲ့တဲ့ သူကိုလည်း တရားဥပဒေ အတိုင်း ကျွန်မတို့ တရားစွဲမှာ ပါ။ လာ ... သမီး သွားမယ်"

အမေက ဆည်းလည်း လက်ကို ဆွဲကာ အိမ်ကြီးထဲကနေ လေအဟုန်လို သုတ်ခနဲ ပြေးထွက် လာခဲ့သည် ။ အမေ့ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ် တုန်နေသလို ဆည်းလည်း နှလုံးသား တွေလည်း ခြေမွဖွဲ့ခြွေ ခံရသလို ပဲ့ကြွေ နာကျင်ရသည် ။ နှစ်ခါပြန် အစော်ကား ခံရသော ဘဝကို ပို၍ နာသည် ။ အမေသည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလျက် ပစ္စည်းတွေ သိမ်းဆည်း နေသည် ။ ဆည်းလည်း သည် အမေ့ကို ကူသိမ်းပေးရင်း အမေ့ နောက်ကျောကနေ ဖက်ထား လိုက်မိကာ ...

"သမီး တောင်းပန်ပါတယ် အမေ။ သမီးကြောင့် အမေ စော်ကားခံရတာ"

"ဘယ့်နှယ်အေ ... သမီး တောင်းပန်စရာ မလိုဘူး။ သမီးမမှားဘူး၊ မှားတာက သူတို့ ။ သူတို့ က တောင်းပန်ရမှာ ။ လူလူချင်း လူလို မဆက်ဆံဘဲ သူတို့ ကလည်း စော်ကားသေးတယ်။ အမေ ဘယ်လိုမှ သည်းမခံနိုင်ဘူး။ ရဲတိုင်မှာ ပဲ။ ရဲစခန်းမှာ အမှုဖွင့်မယ်။ အမှန်တရား အတိုင်းပဲ ဖြစ်ရမယ်"

အမေက ဆည်းလည်း ကိုယ်လေးကို တင်းကျပ်စွာ ပြန်၍ ပွေ့ဖက်ထားခဲ့သည် ။ အမေ့ ရင်ခွင်သည် ဆည်းလည်း အတွက်တော့ ရရှိခဲ့သမျှ ဒဏ်ရာတွေကို ဆေးကြော သန့်စင် ပေးနိုင်စွမ်းသော ရေပူစမ်းကလေး တစ်ခုနှယ်ပင် ...။

***